ဝါတွင်းပဉ္စမတနင်္ဂနွေနေ့ မတ်လ ၁၇ ရက် ၂၀၂၄

ယေရမိ ၃၁း၃၁–၃၄၊ ဟေဗြဲ ၅း၇–၉၊

ယောဟန် ၁၂း၂၀–၃၃

ဒီကနေ့ကျမ်းချက်များက မကြာမီရောက်ရှိလာတော့မည့် ခရစ်တော်ရဲ့သေခြင်းကို ပြန်လည်ကျင်းပခြင်းအကြောင်းကို ကြိုတင်ထောက်ရှုခြင်းဖြစ်ပါတယ်။ ခရစ်တော်ရဲ့သေခြင်းကို သံပေါလူးက ယဇ်ပရောဟိတ်ရဲ့ပူဇော်ခြင်းနဲ့ ခိုင်းနှိုင်းထားပြီး၊ သံယောဟန်က ခရစ်တော်ရဲ့ချီးမြှောက်ခြင်းကို ခံရခြင်း၊ ခရစ်တော်ရဲ့ဘုန်းတော်ဂုဏ်တော်ဆိုပြီး ပြောဆိုထားပါတယ်။ ကျမ်းပိုဒ်များဟာ ကျွန်ုပ်တို့အတွက်စိန်ခေါ်မှုတွေဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ၊ မိမိရဲ့အသက်ကို လူအများအတွက်ပူဇော်တော်မူခြင်းအားဖြင့် ဘုန်းတော်ဂုဏ်တော်နှင့်ပြည့်ဝတဲ့ ဂတိထားတော်မူခဲ့သောမက်ဆီးယားသခင်၊ လောကကိုအောင်နိုင်ခဲ့တဲ့လူ့သားကဲ့သို့၊ ကျွန်ုပ်တို့သည်လည်း ကောင်းကင်နိုင်ငံတော်ကို ဝင်ရောက်နိုင်ဘို့အတွက် အဖဘုရားသခင်ကို နာခံခြင်းအားဖြင့် မိမိကိုယ်ကိုအသေသတ်ခြင်း၊ မိမိကိုယ်ကိုပူဇော်ခြင်း၊ အသက်တာကိုပေးလှူခြင်းအားဖြင့် သခင်ဘုရားရဲ့လမ်းတော်ကို လျှောက်လှမ်းသွားရမှာဖြစ်ပါတယ်။

ငါအမှန်ဆိုသည်ကား မြေ၌ကျသောစပါးစေ့သည် မပျက်လျှင် တခုတည်းနေ၏။ ပျက်လျှင်မူကား များစွာသောအသီးကိုသီးတတ်၏။ (ယောဟန် ၁၂း၂၄)

စပါးစေ့ဟာ တကယ်တော့သေကြေပျက်စီးသွားတာမဟုတ်ပါဘူး။ ဒါပေမဲ့ အသစ်သောအခြေအနေတခုကို လုံးလုံးကြီးကို ပုံစံပြောင်းသွားခြင်းဖြစ်ပါတယ်။ လှပတဲ့လိပ်ပြာမဖြစ်ခင် ပိုးတုံးလုံးတွေဟာ သူ့အဆင့်နဲ့သူအခြေအနေ (ပုံ) ပြောင်းသွားတာမျိုးနဲ့ တနည်းတဖုံအားဖြင့် ဆက်စပ်နားလည်လို့ရမှာ ဖြစ်ပါတယ်။

သခင်ဘုရားကို မြင်တွေ့ခြင်း– (ဝါတွင်းကာလမှာ ကျွန်ုပ်တို့ကြိုးစားရမဲ့အချက်တခု)

သခင်ဘုရားကို မြင်တွေ့ခြင်း–ဆိုတာ–စူးစမ်းချင်တဲ့ သဘောလေးနဲ့မပြီးပါဘူး။ (အခွန်ခံဇာခေဦးကဲ့သို့ ခရစ်တော်ဟာ ဘယ်လိုသောပုဂ္ဂိုလ်မျိုးလဲဆိုတာ

စူးစမ်းချင်တဲ့သဘောမျိုးနဲ့ မဟုတ်ပါဘူး။ ကိုယ်တော်ရဲ့အတွေးအခေါ်၊ ကိုယ်တော်ရဲ့စိတ်နေစိတ်ထားထဲကိုဝင်ရောက်ခြင်းနဲ့၊ ဘာဖြစ်လို့ကိုယ်တော်ဟာ အသေခံပြီးရှင်ပြန်ထမြောက်ရသလဲ ဆိုတာကို နားလည်နိုင်ဘို့ကြိုးစားခြင်း ဖြစ်ရမှာဖြစ်ပါတယ်။ စပါးစေ့ကဲ့သို့ ကိုယ်တော်ဟာ အရာရာတိုင်းကို တွေ့ဆုံကျော်လွှားဖြတ်သန်းသွားရပါတယ်။ အသစ်သောအသက်ကို မိမိကိုယ်တိုင်နဲ့ ကိုယ်တော်ကိုယုံကြည်သူများအတွက် ရရှိနိုင်စေဘို့ မိမိရဲ့အသက်ကိုပင် ပေးလှူလိုက်ရတဲ့အနေအထားမျိုးဖြစ်ပါတယ်။ ဒီဖြစ်စဉ်မှာ ကိုယ်တော်ကိုယ်တိုင်ရော ကျွန်ုပ်တို့ပါ ပြောင်းလဲခြင်းဖြစ်စဉ်ကို တွေ့ကြုံဖြတ်သန်းသွားရမှာ ဖြစ်ပါတယ်။ ဒီပြောင်းလဲခြင်းဖြစ်စဉ်ကို ကျွန်ုပ်တို့ နားမလည်သရွေ့ ကိုယ်တော်ကို ကျွန်ုပ်တို့မြင်တွေ့နိုင်ဦးမှာ မဟုတ်ပါဘူး။

မိမိအသက်ကိုနှမြောသောသူသည် အသက်ဆုံးရှုံးလိမ့်မည်။ ဤလောက၌မိမိအသက်ကို မုန်းသောသူမူကား၊ ထာဝရအသက်ကို စောင့်ရှောက်လျက်နေ၏။ (ယောဟန် ၁၂း၂၅)

ငါ၏အမှုတော်ကို ဆောင်ရွက်သောသူဖြစ်လျှင် ငါ့နောက်သို့လိုက်ရမည်။ ငါ၏အမှုတော်ကို ဆောင်ရွက်သောသူဖြစ်လျှင် ထိုသူကိုခမည်းတော်သည် ချီးမြှောက်တော်မူလတံ့။ (ယောဟန် ၁၂း၂၆)

ဆိုလိုတာက် သခင်ဘုရားနဲ့ မယ်တော်နဲ့အတူတကွ ကာလဝါရီလမ်းကို လျှောက်လှမ်းသွားခြင်းဘဲ ဖြစ်ပါတယ်။

အဲဒီလိုလုပ်ဆောင်ဘို့အတွက် ကျွန်ုပ်တို့များ အဆင်သင့်ဖြစ်ပြီလား။ ဒါမှမဟုတ် ကျွန်ုပ်တို့အတွက် လွန်စွာပင် ကြောက်စရာကောင်းနေပြီလား။ သခင်ဘုရားကျွန်ုပ်ကို လွန်စွာပင် တောင်းဆိုနေတာလား။ သခင်ဘုရားကိုယ်တော်တိုင် လေးလံမှုကို ခံစားခဲ့ရပါတယ်ဆိုတာကို ကိုယ်တော်ရဲ့နှုတ်တော်ထွက်စကားမှာပင် တွေ့မြင်နိုင်ပါတယ်။ (ငါသည် ယခုစိတ်နှလုံးပူပန်ခြင်းရှိ၏။ အဘယ်သို့ငါလျှောက်ရမည်နည်း။ အကျွန်ုပ်ကိုကယ်တင်တော်မူပါအဘ ဟု လျှောက်ရမည်လော။ (ယောဟန် ၁၂း၂၇)

ဒါဟာ ကိုယ်တော်ကိုယ်တိုင် ဆုတောင်းလိုသော ဆုတောင်းမေတ္တာဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ ဒီကနေ့ဒုတိယကျမ်း (ဟေဗြဲ ၅း၇–၉) မှာ ဘယ်လိုတွေ့ရသလဲဆိုတော့– ထိုခရစ်တော်သည် လူ့ဇာတိအဖြစ်၌နေစဉ်ကာလ သေခြင်းမှကယ်လွတ်နိုင်သောသူကို ကြီးစွာသောကြွေးကြော်ခြင်း၊ မျက်ရည်ကျခြင်းနှင့် ဆုတောင်းပဌနာပြုသဖြင့် –ဆိုပြီးတွေ့ရပါတယ်။

ဆိုလိုတာက–ကယ်တင်ခြင်းဆိုတာ လွယ်လွယ်နဲ့ကျွန်ုပ်တို့မရရှိပါဘူး။ သခင်ယေရှုကိုယ်တော်တိုင် သွေးချွေးစီးယိုခြင်း၌၊ ကြောက်ရွံ့ခြင်း၌၊ တုန်လှုပ်ခြင်း၌–ဒီအရာများကိုဖြတ်သန်းပြီးမှာ အဖဘုရားသခင်ရဲ့စီမံကိန်းတော်ကို လက်ခံနိုင်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့– ဘုရားသခင်၏သားတော်မှန်သောလဲ ဆင်းရဲဒုက္ခကိုခံသောအားဖြင့်၊ နားထောင်ခြင်းအကျိုးအကြောင်းကို သင်တော်မူ၏။ ထိုသို့စုံလင်ခြင်းသို့ရောက်ပြီးမှ ယုံကြည်နားထောင်သူအပေါင်းတို့အား ထာဝရကယ်တင်ခြင်းကျေးဇူးကို ပြုသောသူဖြစ်တော်မူ၏။ (ဟေဗြဲ ၅း၉)

ဒီကနေ့ဧဝံဂေလိကျမ်းရဲ့ နောက်ဆုံးအပိုင်းမှာ သခင်ယေရှုက– ငါသည်လည်း မြေကြီးနှင့်ခွာ၍မြှောက်ထားခြင်းကိုခံရလျှင် လူအပေါင်းတို့ကိုငါ့ထံသို့ ငါဆွဲမည်ဟု မိန့်တော်မူ၏ (ယောဟန် ၁၂း၃၂)

မြှောက်ထားခြင်းဆိုတာက လက်ဝါးကပ်တိုင်ကို ရည်ညွှန်းခြင်းဖြစ်ပါတယ်။ (ထိုသို့မိန့်သော်၎င်မိသည် အဘယ်သို့သေရမည်အရိပ်ကို ပေးတော်မူ၏ (ယောဟန် ၁၂း၃၃)။

ဒါကြောင့် ဒီကနေ့မှာ သခင်ယေရှုကို မြင်တွေ့နိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ သခင်ယေရှုဟာ ကျွန်ုပ်တို့အတွက်အရာရာတိုင်းကို ခံထမ်းသွားခဲ့သောသူဖြစ်ပါတယ်။ ကိုယ်တော်ရဲ့ခရီးလမ်းတလျှောက်လုံးမှာလည်း ကိုယ်တော်နဲ့အတူတကွရှိနေဘို့ ကျွန်ုပ်တို့ကိုဖိတ်ခေါ်ပါတယ်။ အဘဘုရားသခင်၌ကိုယ်တော်ရဲ့ ယုံကြည်ကိုးစားခြင်းနဲ့ ကိုယ်တော်ရဲ့ခွန်အားသတ္တိမျိုးကို ကျွန်ုပ်တို့တောင်းခံကြပါစို့။

အသစ်သောအသက်တာနဲ့ ထာဝရအသက်ဆိုတာ နာခံခြင်း၌သေခြင်းအားဖြင့် (တနည်းအားဖြင့် အဘဘုရားသခင်ရဲ့အလိုတော်ကို ရှေ့တမ်းတင်ခြင်း– တနည်းအားဖြင့် မိမိရဲ့အလိုဆန္ဒကိုရှေ့တမ်းမတင်ခြင်းအကြောင်း– ဒီကနေ့ဧဝံဂေလိကျမ်းကသင်ကြားပါတယ်။ ရေထဲမှာအရည်ပျော်သွားမ ဆားဟာအရသာကိုပေးစွမ်းနိုင်သကဲ့သို့၊ ဖရောင်းတွေဟာ မီးထဲမှာအရည်ပျော်သွားမှ ဖရောင်းတိုင်ဟာ အလင်းရောင်ကိုပေးစွမ်းနိုင်သကဲ့သို့၊ အချိန်ကြာရှည်စွာနဲ့ သဲလုံးကျောက်တုံးတွေကို နာကျင်စွာနဲ့ သူတို့ရဲ့အထဲမှာ တန်ဘိုးကြီးလှတဲ့ ပုလဲရတနာတွေရရှိအောင် သိုလှောင်ထားခြင်းအလုပ်ကိုလုပ်ရတဲ့ မုတ်ကောင်တွေကဲ့သို့၊ မိဘတွေဟာ သားသမီးတွေရဲ့ဘဝရှေ့ရေးအတွက် လွန်စွာပင်အနစ်နာခံရသကဲ့သို့ ကျွန်ုပ်တို့ရဲ့ကယ်တင်ခြင်းအတွက် သခင်ယေရှုပေးဆပ်ခဲ့ပုံကို မြင်တွေ့နိုင်ပါတယ်။

ဝါတွင်းကာလကိုအသုံးပြုပြီး ကယ်တင်ခြင်းအတွက် သခင်ယေရှုနဲ့အတူတကွ ဆက်ကပ်ပူဇော်ကြပါစို့။

သူတပါးအတွက်ပူဇော်ဆက်ကပ်သောအသက်တာသာလျှင် ဒီလောကနှင့် ကောင်းကင်နိုင်ငံတော်မှာ ဘုန်းတော်ဂုဏ်တော်နှင့်ချီးမြှောက်ခြင်းခံရမှာဖြစ်ပါတယ်။ (ထောင်ပေါင်းများစွာသော မိမိတို့ရဲ့ဘဝအသက်တာကို ဆက်ကပ်ပူဇော်အပ်နှံခဲ့ကြသော ရဟန္တာသူတော်သူမြတ်များနှင့် ဓမ္မအာဇာနည်များကို ကျွန်ုပ်တို့ပြန်လည်အောက်မေ့ သတိရနိုင်ပါတယ်။